ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၄၁ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်

( ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

အကြမ်းဖက်ခံရမှုများကြောင့် သေဆုံး/ကိုယ်အင်္ဂါအစိတ်အပိုင်း ဆုံးရှုံးခဲ့ရသည့်ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျန်ရစ်သူမိသားစုဝင် သား/ သမီးများအား ကူညီစောင့်ရှောက်ပေးနိုင်သော ဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း

၁။ **"အကြမ်းဖက်ခံရမှုများကြောင့် သေဆုံး/ကိုယ်အင်္ဂါအစိတ်အပိုင်း ဆုံးရှုံးခဲ့ရသည့်ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျန်ရစ်သူမိသားစုဝင်သား/သမီးများအား ကူညီစောင့်ရှောက်ပေးနိုင်သော ဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဦးဆောင်ကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပင်စင်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

(တ) ဒုတိယရဲချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ထ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

(ဒ) အမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

၂။ အကြမ်းဖက်ခံရမှုများကြောင့် သေဆုံး/ကိုယ်အင်္ဂါအစိတ်အပိုင်း ဆုံးရှုံးခဲ့ရသည့်ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျန်ရစ်သူမိသားစုဝင်သား/သမီးများအား ကူညီစောင့်ရှောက်ပေးနိုင်သော ဥပဒေ တစ်ရပ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥပဒေတွင် ပါဝင်ရမည့် ကဏ္ဍအလိုက် လိုအပ်သည့် မူဝါဒ၊ လမ်းညွှန်ချက်နှင့် အစီအမံများ ချမှတ်ပေးခြင်း၊

(ခ) ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းကော်မတီများ၊ အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဂ) ဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် သင့်လျော်သည့် ကာလသတ်မှတ်၍ သတ်မှတ် ကာလအတွင်း အချိန်မီရေးသားပြုစုနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ဆက်စပ်လျက်ရှိသည့် လက်ရှိတည်ဆဲဥပဒေများကို လေ့လာ၍ ချိတ်ဆက်ရေးဆွဲ နိုင်ရေး လမ်းညွှန်မှုပေးခြင်း၊

(င) ဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီက တင်ပြလာသည့် ဥပဒေ(မူကြမ်း)ကို စိစစ်ခြင်းနှင့် လိုအပ်ပါက ဖြည့်စွက်ပြင်ဆင်ခြင်း၊

(စ) ဖြည့်စွက်ပြင်ဆင်အတည်ပြုပြီးသည့် နောက်ဆုံးမူကြမ်းထွက်ရှိပါက ဥပဒေရေးဆွဲ ပြဋ္ဌာန်းရေးဆိုင်ရာ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက် ဆောင်ရွက်ရေးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း။

၃။ ဥပဒေ(မူကြမ်း)အား ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းပြီးချိန်တွင် ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်ပြီးဆုံးသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး